**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**သီးနှံကာကွယ်ရေးဌာနခွဲ**

စာအမှတ်၊ PPD / PQ / ၂၀၂၄ ( ၂၃၂ )
ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၅ ရက်

အကြောင်းအရာ။ **အပင်ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် PC နှင့် တင်သွင်းခွင့်လက်မှတ် IC ထုတ်ပေးခြင်းလုပ်ငန်းအတွက် လျှောက်လွှာလက်ခံခြင်းကိစ္စအား အသိပေးအကြောင်းကြားခြင်း**

၁။ အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရန်အတွက် အပင်ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် Phytosanitary Certificate (PC) နှင့် ပြည်ပမှတင်သွင်းသည့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ တင်သွင်းခွင့်လက်မှတ် Import Certificate for Phytosanitary Measures (IC) များအား ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန်အတွက် (၈.၄.၂၀၂၄ မှ ၁၂.၄.၂၀၂၄) ရက်နေ့အထိ (၅) ရက် အချိန်ပိုဆင်း၍ ဆောင်ရွက်ပါမည်။

၂။ သို့ဖြစ်ပါ၍ (၁၃.၄.၂၀၂၄ မှ ၂၁.၄.၂၀၂၄) ရက်နေ့ထိ မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်များဖြစ်ပါသောကြောင့် PC, IC လျှောက်ထားမှုများအား (၁၂.၄.၂၀၂၄၊ သောကြာနေ့) နောက်ဆုံးထား၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားပါသည်။

(ဇော်လင်း)
ညွှန်ကြားရေးမှူး

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများအား ဆက်လက်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ရန်ကုန်
မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း
မြန်မာနိုင်ငံကော်ဖီအသင်း
သစ်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း